## ၁၀။ ဖြုတ်စိမ်းပိုး

**Indian Cotton Jassid : *Amrasca biguttula biguttula* (Ishida, 1912)**

**Hemiptera: Cicadellidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**

 

အကောင်ငယ်များ သည် အလင်းရောင်ဖောက်မတတ်ဖြစ်ကာ စိမ်းနုရောင်သန်းပြီး ကန့်လန့်ဖြတ် ရွေ့လျားသည်။ အရွယ်ရောက်ကောင်များ မှာစိမ်းဝါရောင်သန်းပြီးသပ်ပုံစံရှိကာ ထိပ်တွင် အနက်စက်တစ်စုံပါရှိ ပြီး ရှေ့တောင်ပံတစ်ခုစီပေါ်တွင် အနက်စက်တစ်စက်ပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွယ်ရောက်ကောင်နှင့်အကောင်ငယ်များသည် အပင်၏သစ်ရည်ကို စုပ်ယူကြသည်။ ဖျက်ဆီးခံရ သော အရွက်များတွင် ဝါနုရောင်ကို တွေ့ရသည်။ဆိုးရွားစွာ ကျရောက်ပါက အရွက်များသည် အတွင်းဖက်သို့ကွေးသွားကြပြီး ခွက်ပုံဖြစ်သွားပါသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် **– (** ၆–၇**)** ရက်

ပိုးမမည် အဆင့် –(၅–၁၆)ရက်

အကောင်ကြီး အဆင့် –(၁၅–၁၉)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)မစိုက်မီမျိုးစေ့အား အင်မီဒါကလိုပရစ် (Imidacloprid 600 FS/Imdacloprid 70SS) ဆေးများဖြင့်လူးနယ်စိုက်ပျိုးပါ။

(၂) ပေါင်းပင်များအားရှင်းလင်းပါ။

(၃)အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)မီးခိုးမှိုင်းတိုက်ပါ။

(၅) ထိသေ၊စားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတမျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- အဆီတာမီပရစ် (Acetamiprid)
- ဖစ်ပရိုနေး(Fipronil)
- ဘူပရိုဖီဇင်(Buprofezin)